ဇန္နဝါရီ (၃)

**ကောင်းကင်နှင့်မြေကြီးမတည်သော်လည်းဘုရားသခင်၏နှုတ်ထွက်စကားများက မည်သည့်နည်းနှင့်မဆိုမပြီးမြောက်ဘဲလွန်သွားလိမ့်မည်မဟုတ်။**

**အ**ထူးသဖြင့် စုံစမ်းခြင်းနှောက်ယှက်ခြင်းနှင့် ဆင်းရဲဒုက္ခခံစားရသော အချိန်များတွင် မိမိတို့အနေနှင့် နှုတ်ကပတ်တော်ထဲတွင် ပို၍နေထိုင်အသက်ရှင် သင့်ပေသည်။ မိမိတို့၏ယုံကြည်ခြင်းကိုနှုတ်ကပတ်တော်၌ တည်စေရမည်။ ထိုအချိန်ကျလျှင် တစ်ကမ္ဘာလုံးရှိ လူတိုင်းက ယုံကြည်ခြင်း ပျောက်ဆုံးသွားသည့်တိုင်သို့မဟုတ် တစ်ကမ္ဘာလုံးက တုန်လှုပ်ချောက်ချားနေခဲ့သည့်တိုင် သို့မဟုတ် ကောင်းကင်နှင့်မြေကြီးကို တုန်လှုပ်သွားသည့်တိုင် ယင်းက မိမိအတွက်အကြောင်းမဟုတ်။မိမိတို့ယုံကြည်ခြင်းက နှုတ်ကပတ်တော်ထဲရှိနေသမျှ ကာလပတ်လုံး ဘုရားရှင်အတွက် မိမိတို့ ဆက်သွားနေကြလိမ့်မည်သာဖြစ်သည်။ မည်ကဲ့သို့ပင်ဖြစ်နေစေကာမူ မိမိတို့ခြေများက ခိုင်မာသည့်အခြေခံအုတ် မြစ်ဖြစ်သော ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ် စိုက်တည်ထားပါက မိမိတို့အနေနှင့် ရပ်တည်နေဆဲ ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်သော်ငြင်း၊ သင်သော်ငြင်း၊ တစ်ကမ္ဘာလုံးသော်လည်း ကျရှုံးနိုင်သော်လည်း ပျက်ကွက်နိုင်သော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်က ဘယ်သောအခါမျှ ကျရှုံးပျက်ကွက်လိမ့်မည်မဟုတ်။

မကြာခဏဆိုသကဲ့သို့ အလွန်သေးငယ်လှသည့် ယုံကြည်ခြင်း မီးပွားလေးကြောင့်သာမဟုတ်ခဲ့လျှင် မိမိတို့အနေနှင့်မှေးမှိန် ပျောက်ကွယ်သွားခဲ့မည်ဖြစ်သည်။ သို့သော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မိမိတို့ထဲ့သွင်း သိုလှောင်ထားခဲ့လျှင် မိမိတို့လှုံ့ဆော်ခြင်းကိုခံရပြီး ပြန်လည်နိုးကြားလာရသည်။ ဘုရားသခင်က မိမိတို့၏ ယုံကြည်ခြင်း မီးကျီခဲလေးကို မှုတ်ပေးလိုက်ပြီးနောက် ယင်းကိုတဖန်ပြန်လည်၍ အသက်ဝင်လာစေသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားလည်လက်ခံရယူခြင်းမှ ဤမျှပင်အကျိုးရှိလှပါသည်။

"ယုံကြည်ခြင်းသည်ကြားနာခြင်းအားဖြင့်ဖြစ်၏။ကြားနာခြင်းသည်လည်း ဘုရားသခင်၏ စကားတော်အားဖြင့်ဖြစ်၏။" (ရောမ ၁၀း၁၇) ဘုရားရှင်၏ နှုတ်ကပတ်တော်သည် အစဉ်သဖြင့် အားပေးနှစ်သိမ့်ရာဖြစ်ရာ အရာရာက မှားယွင်းနေသကဲ့သို့ ရှိနေသည့်တိုင် နှုတ်ကပတ်တော်က အားပေးနှစ်သိမ့်စရာခွန်အား ရယူစရာအဖြစ်ရှိနေသည်။

တောင်ကုန်းများ လဲပြိုကြသည့်တိုင် သမ္မာကျမ်းစာက ရပ်တည်မြဲ<br>
ကမ္ဘာမြေကြီးပျက်စီး ကြေမွမည်ဖြစ်သော်ငြားလည်း ယင်းကခိုင်မြဲစွာရပ်တည်ဆဲ<br>
၎င်း၏ခိုင်မာသော အုတ်မြစ်ပေါ်ငါ၏ ခြေများကိုစိုက်ထူမည်ဖြစ်ရာ<br>
သမ္မာကျမ်းစာသည် ခိုင်မာစွာရပ်တည်သောကြောင့်သာ။

၁။ Haldor Lillenas (1885 - 1959)